# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

## ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့တွင်
၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊
၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ
ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၏
ရှင်းလင်းတင်ပြချက်

## နိဒါန်း

၁။ လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမှာ ဖြစ်ပါတယ်။

၂။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈ အရ ဥပဒေကြမ်းနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ၊ ၂၀၁၆-၂၀၁၇ အမှန်စာရင်း၊ ၂၀၁၇-၂၀၁၈ ရှေ့ပြေးအမှန်စာရင်းတို့ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပါတယ်။

## နိုင်ငံတော်၏ စီးပွားရေးအခြေအနေအပေါ် ခြုံငုံသုံးသပ်ခြင်း

<u>မေခရိုစီးပွားရေးရည်မှန်းချက်</u>

၃။ နာယကကြီးခင်ဗျား၊ ပထမဦးစွာ နိုင်ငံတော်၏ စီးပွားရေးအခြေအနေအပေါ် ခြုံငုံသုံးသပ် တင်ပြလိုပါတယ်-

- ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၆.၀၉၆ ထရီလီယံနှင့် ၇.၆ % တိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ (၆)လပတ်(အောက်တိုဘာလမှ မတ်လ)တွင် ကျပ် ၆၇.၁၈၆ ထရီလီယံ ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃.၃ % အကောင်အထည်

ဖော်နိုင်ခဲ့ပါတယ်။ ပုံမှန်ဈေးနှုန်းအရ ၆ . ၃ % တိုးတက်ခဲ့ပြီး နှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၆ . ၈ % ရရှိရန် ရည်မှန်းထားပါတယ်။

- ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၁၉ . ၀၂၃ ထရီလီယံ ရရှိရန်ခန့်မှန်းထားပြီး ဂျီဒီပီ တိုးတက်မှုနှုန်းကို ၇ % ရရှိနိုင်မည်ဟု မျှော်မှန်းထားပါတယ်။

<u>ကဏ္ဍအလိုက်ရည်မှန်းချက်</u>

၄။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍကြီးများအလိုက် စီးပွားရေး တိုးတက်မှုကို -

- လယ်ယာကဏ္ဍကြီးတွင် ၂ . ၅ %၊
- စက်မှုကဏ္ဍကြီးတွင် ၈ . ၆ %၊
- ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ . ၁ % တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

၅။ လယ်ယာကဏ္ဍကြီးတွင်-

- ပြည်တွင်းစားသုံးမှု သာမက ပြည်ပသို့ တင်ပို့နိုင်ရန်၊
- ဈေးကွက်ဝင် အထွက်ကောင်းမျိုးစေ့ အဆင့်ဆင့်ထုတ်လုပ်ရန်၊
- ငါး၊ ပုဇွန်တိုးချဲ့မွေးမြူနိုင်ရန်နှင့် နည်းပညာအဆင့်မြှင့်တင်ရန်တို့ကို မျှော်မှန်းထားပါတယ်။

၆။ စက်မှုကဏ္ဍကြီးတွင်-

- တိုယိုတာကားကုမ္ပဏီမှ ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ရန်၊
- အထည်ချုပ်လုပ်ငန်း (CMP) နှင့် အသေးစားလုပ်ငန်းများမှ ထုတ်လုပ်မှု တိုးတက်လာရန်၊
- နိုင်ငံပိုင်စက်ရုံများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်၍ ပြည်တွင်းလုပ်ငန်းရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရန်၊
- ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုများ တိုးတက်ရန်၊
- ဆောက်လုပ်မှုကဏ္ဍတွင် ရန်ကုန် မိုးပျံလမ်းမကြီး တည်ဆောက်ရန်၊
- သံတွဲလေဆိပ်၊ နိုင်ငံတကာနှင့်ဆက်သွယ်သော လမ်းများ၊ ပြည်ထောင်စု

လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းများ အဆင့်မြှင့်တင်ရန်နှင့် အသစ်ဖောက်လုပ်ရန်၊

- တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးသင့်အိမ်ရာများ၊ အငှားအိမ်ရာစီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန်တို့ကို ရည်မှန်းပါတယ်။

၇။ ဝန်ဆောင်မှုကဏ္ဍကြီးတွင်-

- ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးဝန်ဆောင်မှုများ တိုးတက်ရန်နှင့် ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားပါတယ်။

၈။ ငွေရေးကြေးရေးကဏ္ဍတွင်-

- နိုင်ငံခြားငွေလဲလှယ်နှုန်းကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊
- ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် ပြည်သူတို့ လိုအပ်နေသည့် ကုန်စည်များ ထုတ်လုပ်မှု၊ စားသုံးမှု၊ ကုန်စည်စီးဆင်းမှုစသည့် နယ်ပယ်အသီးသီးက ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၉။ ဘဏ္ဍာရေးကဏ္ဍတွင်-

- အခွန်အကောက်ရငွေ တိုးတက်ရရှိစေရန်၊
- အစိုးရအသုံးစရိတ်များကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲရန်၊
- အခြေခံစီးပွားရေးအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များ မြှင့်တင်ပေးရန်၊
- စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အခြေခံကောင်းများ တည်ဆောက်ပေးရန်တို့ကို ရည်မှန်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

<u>ကဏ္ဍအလိုက်ပါဝင်မှုအချိုးအစား</u>

၁၀။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ-

- လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၀ . ၃ %၊

- စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈ . ၇ %၊
- ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၁ . ၀ % အသီးသီး ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

<u>ငွေကြေးဖောင်းပွမှုနှုန်း</u>

၁၁။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၆ . ၅ % ဖြစ်ပါတယ်။

<u>ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပိုငွေ/လိုငွေ</u>

၁၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အရ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင်-

- ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ . ၅၀၀ ဘီလီယံ၊
- ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ . ၅၀၀ ဘီလီယံ၊
- ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃ . ၀၀၀ ဘီလီယံ၊
- ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ဖြစ်ပါတယ်။

<u>ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက်</u>

၁၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒ (Monetary Policy) ကျင့်သုံးရာတွင် ငွေကြေးပမာဏ ရည်မှန်းချက် သတ်မှတ်ထားရှိခြင်းနှင့် ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရှိရန်နှင့် ထိန်းသိမ်းရန်အတွက် သီးသန့်ငွေကြေးပမာဏတစ်ရပ်ကို လုပ်ငန်းရည်မှန်းချက်အဖြစ်ထားရှိပြီး စုစုပေါင်းငွေကြေးပမာဏကို ကြားခံရည်မှန်းချက်အဖြစ်ထားရှိ၍ ဆောင်ရွက်လျက်ရှိပါတယ်။

၁၄။ သီးသန့်ငွေကြေးပမာဏကို ပြောင်းလဲစေသော အဓိကအချက်များဖြစ်သည့်-

- လှည့်လည်သုံးစွဲငွေ၊
- နိုင်ငံခြားငွေရရန်ပိုင်ခွင့်များ၊
- အစိုးရသို့ ချေးငွေ၊

- စီးပွားရေးကဏ္ဍသို့ ချေးငွေပြောင်းလဲမှုများအရ အမှန်ဖြစ်ပေါ်လာမည့် ငွေကြေးပမာဏကို ခန့်မှန်းပါတယ်။

၁၅။ အဆိုပါခန့်မှန်းချက်ကို ရည်မှန်းချက်ထားရှိသည့် သီးသန့်ငွေကြေးပမာဏနှင့် နှိုင်းယှဉ်ချိန်ထိုး၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်-

- စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံ (Credit Auction) ခေါ်ယူခြင်းနှင့်
- စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအား နုတ်သိမ်းရန်လိုပါက အပ်ငွေလေလံ (Deposit Auction) ခေါ်ယူခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိပါတယ်။

၁၆။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်နှင့် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်များအပေါ်တွင်အခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က -

- သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ၁၁ %၊
- စုစုပေါင်း ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ၂၁ % အသီးသီးရရှိစေရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်ရှိ ရှေ့ပြေးအမှန် ကိန်းဂဏန်းများအရ -
  - သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်း ၇ %၊
  - စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်း ၁၅ % ရရှိခဲ့ပါတယ်။

၁၇။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးအပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရဘတ်ဂျက်လိုငွေအတွက် ဘဏ္ဍာငွေဖြည့်ဆည်းမှုကို ဘတ်ဂျက်လိုငွေ၏ ၂၀ % တွင် ထားရှိသတ်မှတ်၍ ရည်မှန်းဆောင်ရွက်မည် ဖြစ်ပါတယ်။

၁၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးပမာဏကို သက်ရောက်မှုရှိစေသည့် အခြားအချက်များဖြစ်သော နိုင်ငံခြားသုံးငွေရရန်ပိုင်ခွင့်များနှင့် ပြည်တွင်းချေးငွေတိုးတက်မှုများကို ထည့်သွင်းစဉ်းစား၍ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးပမာဏ ရည်မှန်းချက်အား သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်း ၉ % နှင့် စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်း ၂၀ % ထားရှိဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၁၉။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့(ခ်)အိတ်ချိန်းကို ၉-၁၂-၂၀၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအချိန်ထိ စာရင်းဝင်ကုမ္ပဏီ ၅ ခုတို့၏ အစုရှယ်ယာများကို နေ့စဉ် ရောင်းဝယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စတော့(ခ်)ဈေးကွက်နှင့် ငွေချေးစာချုပ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရန် ပြည်ပကျွမ်းကျင်သူများ အကူအညီရယူပြီး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

## ပြည်ထောင်စု၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ

၂၀။ နာယကကြီးခင်ဗျား၊ ဆက်လက်ပြီး ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေးအခြေအနေကို အကျဉ်းချုပ် အစီရင်ခံ တင်ပြပါမယ်-

### ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်<br>ပြည်ထောင်စု၏ ဘဏ္ဍာရေးအခြေအနေ

(ကျပ်ဘီလီယံ)

| | မူလခန့်မှန်းခြေ | ပြုပြင်ပြီးခန့်မှန်းခြေ | ရှေ့ပြေးအမှန် |
|---|---|---|---|
| ရငွေ | ၁၆,၆၀၅ | ၁၈,၈၃၂ | ၁၇,၇၈၂ |
| သုံးငွေ | ၂၀,၅၉၄ | ၂၂,၇၆၀ | ၂၀,၁၇၇ |
| ပိုငွေ(+)/ လိုငွေ(-) | (-) ၃,၉၈၉ | (-) ၃,၉၂၈ | (-) ၂,၃၉၅ |
| ဂျီဒီပီတန်ဖိုး | ၉၁,၃၁၉ | ၉၁,၃၁၉ | ၉၀,၄၅၁ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၄ . ၃၇% | ၄ . ၃၀% | ၂ . ၆၅% |

### ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်<br>ပြည်ထောင်စု၏ ဘဏ္ဍာရေးအခြေအနေ

(ကျပ်ဘီလီယံ)

| | မူလခန့်မှန်းခြေ | ပြုပြင်ပြီးခန့်မှန်းခြေ |
|---|---|---|
| ရငွေ | ၁၉,၉၄၆ | ၂၁,၈၆၇ |
| သုံးငွေ | ၂၄,၇၂၄ | ၂၇,၁၆၀ |
| ပိုငွေ(+)/ လိုငွေ(-) | (-) ၄,၇၇၈ | (-) ၅,၂၉၃ |
| ဂျီဒီပီတန်ဖိုး | ၁၀၆,၀၉၆ | ၁၀၅,၇၂၆ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၄ . ၅၀% | ၅ . ၀၁% |

၂၁။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းအရ လိုငွေနှင့် ဂျီဒီပီ အချိုးမှာ ၂.၆၅% ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅.၀၁% ဖြစ်ပါတယ်။

## ဘဏ္ဍာရေးမူဝါဒ

၂၂။ ဘဏ္ဍာရေးမူဝါဒတွင် ပါဝင်သည့် အဓိကမူဝါဒများမှာ အခွန်မူဝါဒနှင့် အသုံးစရိတ်မူဝါဒတို့ ဖြစ်ပါတယ်-

**(က) အခွန်မူဝါဒ**

(၁) ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရန်ပုံငွေရရှိရေးအတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေမည့် နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့်အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(၃) အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) တစ်မျိုးသားလုံး၏ ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊

(၅) သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်။

**(ခ) အသုံးစရိတ်မူဝါဒ**

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၃) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး

တိုးတက်ရေးကို အထောက်အကူပြုစေမည့် အသုံးစရိတ်များအား ခွဲဝေချထားရန်၊

(၄) ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်၊

(၅) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြားပြီး နိုင်ငံတော်ဘတ်ဂျက်၊ ဖွံ့ဖြိုးမှုအကူအညီ၊ အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံတို့ဖြင့် ခွဲခြားဆောင်ရွက်ရန်၊

(၆) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊ ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန်၊

(၇) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေများကို ရယူရာတွင် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒနှင့်အညီ ရယူရန်၊

(၈) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

<u>ဦးစားပေးကဏ္ဍများ</u>

၂၃။ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ခွဲဝေချထားမှုကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအနက် လျှပ်စစ်နှင့်စွမ်းအင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ လမ်း၊ တံတားကဏ္ဍများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဦးစားပေးလျာထားခဲ့ပါတယ်။

<u>အဆင့်ဆင့်စိစစ်ခြင်း</u>

၂၄။ အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ်များကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ကို အခြေခံ၍ ရေးဆွဲထားပါတယ်။

၂၅။ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများမှ တင်ပြလာသော ရသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်ရာတွင် အောက်ပါအခြေခံမှုများ ချမှတ်၍ စိစစ်ခဲ့ပါတယ်–

(က) ရရှိသော ဘဏ္ဍာငွေများဖြင့် အရေးကြီးသည့် ဆောင်ရွက်ဆဲ စီမံကိန်း

များကို ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် အများပြည်သူအတွက် အကျိုးရှိမည့် Productive ဖြစ်သည့်ကိစ္စများကို ဦးစားပေး ဆောင်ရွက်ရန်၊

(ခ) ပစ္စည်းဝယ်ယူမှုများကို ဖြစ်နိုင်လျှင် ပြည်တွင်းမှာ ကျပ်ငွေဖြင့် ဝယ်ယူနိုင်သည်များကို ပြည်တွင်းမှဝယ်ယူရန် (Local Purchase)၊

(ဂ) ပရိဘောဂနှင့် ရုံးသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့် ရုံး၊ ဝန်ထမ်းအိမ်ရာ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်းကို အမှန်တကယ် လိုအပ်မှ ဆောင်ရွက်ရန်၊

(ဃ) ဆောက်လုပ်ရေးလုပ်ငန်းများ (Construction) တွင် မြေပိုင်ဆိုင်ခွင့် (Land ownership) ရပြီးဖြစ်ရန်၊

(င) ဝန်ထမ်းသစ်ခန့်ထားရာတွင် အနည်းဆုံး လိုအပ်ချက်ဖြင့်သာ ခန့်ထားရန်၊ Outsourcing ဖြင့် ဆောင်ရွက်နိုင်သည့် ကိစ္စများကိုလည်း ဆောင်ရွက်ရန်၊

(စ) ပြည်ပမှ ပစ္စည်းဝယ်ယူရာတွင် ငွေလွှဲစာတမ်း (Letter of Credit) ဖွင့်လှစ်ဝယ်ယူသည့်စနစ် ကျင့်သုံးရန်၊ ဝယ်ယူသည့် ပစ္စည်းများလည်း အသစ်ဖြစ်ရန်၊ လိုအပ်ပါက Pre-shipment Inspection လုပ်ရန်၊ ကြိုတင်ငွေပေးခြင်း (Advance Payment) များကို မဖြစ်မနေ ပေးချေရန် လိုအပ်ပါက 10% Down Payment သာ ပေးရန်၊

(ဆ) မော်တော်ကားများဝယ်ယူရာတွင် ဝန်ထမ်းအများစု စီးနင်းရန် ဝယ်ယူသည့် ဖယ်ရီဘတ်(စ်)ကားများကိုသာ ခွင့်ပြုပေးပြီး ရာထူးအဆင့်အတွက် လိုအပ်သည့် ဆလွန်းယာဉ်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ နိုင်ငံပိုင်ဘဏ္ဍာသိမ်းယာဉ်များမှ ခွဲဝေပေးရန်။

<u>တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးခြင်း</u>

၂၆။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကို ဖြည့်ဆည်းပေးနိုင်ရန် ယခင်နှစ်များကဲ့သို့ ညွှန်ကိန်း(၆)ခုဖြင့် တိုင်းတာတွက်ချက်ပြီး ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ပေးမည့် ငွေမှာ ကျပ် ၂,၁၁၄ ဘီလီယံ ဖြစ်ပါတယ်။

## နှစ်လတ်ဘဏ္ဍာရေးမူဘောင်

၂၇။ နာယကကြီးခင်ဗျား၊ ဆက်လက်ပြီး လာမည့် (၃) နှစ်စာအတွက် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို တင်ပြပါမယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်မှာ တင်ပြပါအတိုင်း ခန့်မှန်းထားပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၀၁၉-၂၀၂၀ (လျာထားချက်) | ၂၀၂၀-၂၀၂၁ (မျှော်မှန်း) | ၂၀၂၁-၂၀၂၂ (မျှော်မှန်း) |
|---|---|---|---|---|---|
| ရငွေ | ၁၇,၇၈၂ | ၂၁,၈၆၇ | ၂၅,၃၁၃ | ၂၅,၃၆၀ | ၂၅,၄၀၀ |
| သုံးငွေ | ၂၀,၁၇၇ | ၂၇,၁၆၀ | ၃၂,၃၄၀ | ၃၂,၃၉၀ | ၃၂,၄၅၀ |
| ပိုငွေ(+)/လိုငွေ (-) | (-) ၂,၃၉၅ | (-) ၅,၂၉၃ | (-) ၇,၀၂၇ | (-) ၇,၀၃၀ | (-) ၇,၀၅၀ |
| လိုငွေဖြည့်ဆည်းခြင်း | ၂,၇၀၅ | ၅,၄၇၁ | ၇,၀၂၇ | ၇,၀၃၀ | ၇,၀၅၀ |
| ငွေတိုက်စာချုပ် | ၆၆၆ | ၁,၆၄၁ | ၂,၁၀၈ | ၂,၂၅၀ | ၂,၄၆၇ |
| ငွေတိုက်လက်မှတ် | ၂,၀၃၉ | ၃,၈၃၀ | ၄,၉၁၉ | ၄,၇၈၀ | ၄,၅၈၃ |
| ကြွေးမြီလျာထားချက် (ပြည်ပချေးယူရငွေ) | ၇၈၂ | ၂,၂၁၃ | ၂,၆၂၅ | ၃,၁၂၁ | ၂,၀၆၅ |
| တိုင်းဒေသကြီး/ပြည်နယ်များသို့လိုငွေဖြည့်ဆည်းခြင်း | ၁,၅၆၈ | ၁,၈၇၃ | ၂,၁၁၄ | ၂,၁၅၆ | ၂,၁၉၉ |

## ၂၀၁၉-၂၀၂၀ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

၂၈။ နာယကကြီးခင်ဗျား၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|---|
| (က) | ရငွေ | ၂၁,၇၂၆ | ၄၈၆ | ၃,၁၀၁ | ၂၅,၃၁၃ | ၂၁.၂၇% |
| (ခ) | သုံးငွေ | *၂၃,၀၉၅ | ၇,၈၂၅ | ၁,၄၂၀ | *၃၂,၃၄၀ | ၂၇.၁၇% |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (-) ၁,၃၆၉ | (-) ၇,၃၃၉ | (+) ၁,၆၈၁ | (-)၇,၀၂၇ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | | | | ၁၁၉,၀၂၃ | |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | | | | ၅ . ၉၀% | |

(* တိုင်းဒေသကြီး/ ပြည်နယ်များ၏လိုငွေကျပ် ၂,၁၁၄ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပါသည်။)

**၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း**

၂၉။ တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းချုပ်မှာ တင်ပြပါ အတိုင်းဖြစ်ပါတယ်–

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|
| (က) | စုစုပေါင်းရငွေ | ၁,၂၁၁ | ၁.၀၂% |
| (ခ) | စုစုပေါင်းသုံးငွေ | ၃,၃၂၅ | ၂.၇၉% |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | * (-)၂,၁၁၄ | |

(*လိုငွေကို ပြည်ထောင်စုမှ ဖြည့်ဆည်းပေးပါသည်။)

**၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အရအသုံးအခြေအနေ**

၃၀။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေများအရ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်တစ်ရပ်လုံး၏ အရအသုံးခန့်မှန်းခြေမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်–

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|
| (က) | **ရငွေများ** | **၂၅,၃၁၃** | **၃,၃၂၅** | **၂၈,၆၃၈** | **၂၄.၀၆%** |
| | (၁) သာမန် | ၂၁,၇၂၆ | ၃,၀၁၃ | ၂၄,၇၃၉ | |
| | (၂) ငွေလုံးငွေရင်း | ၄၈၆ | ၇၈ | ၅၆၄ | |
| | (၃) ကြွေးမြီ | ၃,၁၀၁ | ၂၃၄ | ၃,၃၃၅ | |
| (ခ) | **သုံးငွေများ** | **၃၂,၃၄၀** | **၃,၃၂၅** | **၃၅,၆၆၅** | **၂၉.၉၆%** |
| | (၁) သာမန် | ၂၃,၀၉၅ | ၉၉၅ | ၂၄,၀၉၀ | |
| | (၂) ငွေလုံးငွေရင်း | ၇,၈၂၅ | ၂,၃၃၀ | ၁၀,၁၅၅ | |
| | (၃) ကြွေးမြီ | ၁,၄၂၀ | | ၁,၄၂၀ | |

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-) ၇,၀၂၇ | | (-) ၇,၀၂၇ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | ၁၁၉,၀၂၃ | | ၁၁၉,၀၂၃ | |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | ၅ . ၉၀% | | ၅ . ၉၀ % | |

<u>အရေးပေါ်ရန်ပုံငွေ</u>

၃၁။ ယခင်နှစ်များက အရေးပေါ်ရန်ပုံငွေကို နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျပ် ၁၀၀ ဘီလီယံ လျာထားသော်လည်း ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျပ် ၅၀ ဘီလီယံ၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကျပ် ၃၆ ဘီလီယံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျပ် ၁၄ ဘီလီယံ ခွဲဝေလျာထားပါကြောင်း တင်ပြအပ်ပါတယ်။

<u>အခွန်ဝေစု</u>

၃၂။ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် အခွန်ဝေစုနှင့် ပတ်သက်၍ နိုင်ငံပိုင်ကဏ္ဍက ကောက်ခံရရှိသည့် အခွန်အရပ်ရပ်မှ ကျပ် ၅၅ . ၁၄၃ ဘီလီယံကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ညွှန်ကိန်းများဖြင့် တွက်ချက်ခွဲဝေပေးခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့မှ (သွင်းကုန်များအပေါ် ကောက်ခံရရှိသည့် ငွေများမပါ) ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%၊ တစ်ဦးချင်း ဝင်ငွေခွန်၏ ၅%နှင့် တံဆိပ်ခေါင်းခွန်၏ ၂% တို့ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ခံရရှိသည့်အပေါ် မူတည်၍ ခွဲဝေပေးခဲ့ပါတယ်။ စုစုပေါင်း ခွဲဝေပေးသည့် အခွန်ဝေစု ပမာဏမှာ ကျပ် ၃၄၉ . ၈၄၁ ဘီလီယံဖြစ်ပါတယ်။

<u>ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ</u>

၃၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေလျာထားမှုမှာ ကျပ် ၃၁ . ၇၀၀ ဘီလီယံ ဖြစ်ပါတယ်။

**ကိန်းဂဏန်းကိုအခြေခံရေးဆွဲသောနည်းလမ်း (Accounting Method) နှင့် ဆန်းစစ်ချက်နည်းကို အခြေခံရေးဆွဲသော နည်းလမ်း(Analytical Method– Aggregated) နှိုင်းယှဉ်ချက်**

၃၄။ နာယကကြီးခင်ဗျား၊၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ လေ့လာနိုင်ရန် ကိန်းဂဏန်း အခြေခံနည်း (Accounting Method)နှင့် ဆန်းစစ်ချက်နည်း(Analytical Method–Aggregated) တို့ကို နှိုင်းယှဉ် တင်ပြပေးထားပါတယ်–

(ကျပ်ဘီလီယံ)

| Accounting Method ဖြင့်ရေးဆွဲခြင်း | | Analytical Method–Aggregated ဖြင့် ရေးဆွဲခြင်း | |
|---|---|---|---|
| **စုစုပေါင်းရငွေ** | **၂၅,၃၃၃** | **စုစုပေါင်းရငွေ** | **၂၂,၂၄၉** |
| သာမန်ရငွေ(Grant အပါအဝင်) | ၂၁,၇၂၆ | သာမန်ရငွေ(Grant နှင့် အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေအပါအဝင်) | ၂၁,၇၆၃ |
| ငွေလုံးငွေရင်းရငွေ(Grantအပါအဝင်) | ၄၈၆ | ငွေလုံးငွေရင်းရငွေ(Grant အပါအဝင်) | ၄၈၆ |
| ချေးမြီရငွေ(Loan အပါအဝင်) | ၃,၁၁၁ | | |
| **စုစုပေါင်းအသုံးစရိတ်** | **၃၂,၃၄၀** | **စုစုပေါင်းအသုံးစရိတ်** | **၃၀,၉၂၀** |
| သာမန်အသုံးစရိတ် | ၂၃,၀၉၅ | သာမန်အသုံးစရိတ် | ၂၃,၀၉၅ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၇,၈၂၅ | ငွေလုံးငွေရင်းအသုံးစရိတ် | ၇,၈၂၅ |
| ချေးမြီအသုံးစရိတ်(အရင်းပေးဆပ်ငွေအပါအဝင်) | ၁,၄၂၀ | | |
| **လိုငွေ** | **၇,၀၂၇** | **လိုငွေ** | **၈,၆၇၁** |
| **ဂျီဒီပီတန်ဖိုး** | **၁၁၉,၀၂၃** | **ဂျီဒီပီတန်ဖိုး** | **၁၁၉,၀၂၃** |
| **လိုငွေနှင့်ဂျီဒီပီအချိုး** | **၅ . ၉၀%** | **လိုငွေနှင့်ဂျီဒီပီအချိုး** | **၇ . ၂၈%** |

၃၅။ Accounting Method အရ လိုငွေနှင့်ဂျီဒီပီအချိုး ၅ . ၉၀% ဖြစ်ပြီး Analytical Method အရ လိုငွေနှင့်ဂျီဒီပီအချိုး ၇ . ၂၈% ဖြစ်ပါတယ်။

၃၆။ စုစုပေါင်းရငွေနှင့် စုစုပေါင်းသုံးငွေတွင် ဌာန၊ အဖွဲ့အစည်းများအလိုက် ပါဝင်သည့် အချိုးအစားများမှာ အောက်ဖော်ပြပါဇယားအတိုင်း ဖြစ်ပါတယ်–

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၉၃၃.၉၆၅ | | ၁၅၉,၆၉၃.၂၃၉ | ၀.၄၉% |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | | ၁၇,၈၁၈.၆၆၁ | ၀.၀၅% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၂၄.၀၆၀ | | ၁,၈၆၀.၉၄၈ | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၂၂၁.၀၅၀ | | ၁,၅၈၅.၁၄၅ | |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၉၃၂ | | ၉,၀၇၆.၁၄၇ | ၀.၀၃% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၄၀၀ | | ၆,၁၆၈.၃၁၄ | ၀.၀၂% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၃၀၆.၀၀၀ | | ၃၄,၁၀၂.၉၄၄ | ၀.၁၁% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၅၀ | | ၉၄၁.၄၂၇ | |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၂.၁၀၀ | | ၆၉,၇၂၁.၁၀၉ | ၀.၂၂% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၈.၉၀၀ | | ၃,၉၂၇.၅၅၆ | ၀.၀၁% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၄၅.၇၁၇ | | ၄,၁၈၇.၀၆၃ | ၀.၀၁% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၅၃.၇၅၆ | | ၁၀,၃၀၃.၉၂၅ | ၀.၀၃% |
| | | (၁) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | ၀.၃၀၀ | | ၁,၁၆၃.၅၁၈ | |
| | | (၂) ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၅၀ | | ၆၀၅.၇၅၁ | |
| | | (၃) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၁၀၆.၈၈၆ | | ၁,၂၀၈.၈၄၂ | ၀.၀၁% |
| | | (၄) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၂၅.၀၉၀ | | ၃,၉၉၄.၆၇၈ | ၀.၀၁% |
| | | (၅) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၂၀.၄၃၀ | | ၃,၃၃၁.၁၃၆ | ၀.၀၁% |

## ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| **၂** | | **ဝန်ကြီးဌာနများ** | **၂၁,၇၂၅,၉၆၂.၄၂၈** | **၈၅.၈၃%** | **၂၈,၈၈၈,၉၆၆.၉၇၄** | **၈၉.၃၃%** |
| | ၁ | နိုင်ငံခြားရေး | ၂,၂၃၉.၃၁၈ | ၀.၀၁% | ၇၂,၁၅၁.၂၉၉ | ၀.၂၂% |
| | ၂ | သမ္မတရုံး | | | | |
| | ၃ | ပြည်ထဲရေး | ၃၆,၃၉၂.၁၀၉ | ၀.၁၄% | ၅၆၀,၇၅၆.၀၇၀ | ၁.၆၇% |
| | ၄ | ကာကွယ်ရေး | ၄၇,၀၀၀.၉၀၀ | ၀.၁၈% | ၃,၃၈၅,၈၂၁.၃၀၄ | ၁၀.၄၇% |
| | ၅ | နယ်စပ်ရေးရာ | ၄,၈၅၅.၈၀၃ | ၀.၀၂% | ၁၂၉,၂၀၉.၁၃၀ | ၀.၄၀% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | ၂,၁၁၃.၄၂၀ | ၀.၀၁% |
| | ၇ | ပြန်ကြားရေး | ၆၇,၀၁၁.၇၃၂ | ၀.၂၆% | ၉၄,၀၅၃.၁၃၀ | ၀.၂၉% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၃,၉၂၂.၇၇၀ | ၀.၀၁% | ၉,၅၀၈.၇၀၉ | ၀.၀၃% |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၄၈,၉၃၁.၆၈၆ | ၀.၁၉% | ၇၉,၈၁၈.၂၅၇ | ၀.၂၅% |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၆၀၀,၄၂၀.၀၄၂ | ၂.၃၈% | ၁,၀၈၉,၆၇၆.၅၂၁ | ၃.၃၇% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁,၈၂၄,၂၂၅.၈၂၀ | ၇.၂၁% | ၁,၆၈၀,၉၀၈.၆၁၉ | ၅.၂၀% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၅၅၁,၈၀၂.၃၅၅ | ၂.၁၈% | ၅၂၁,၄၅၀.၀၅၆ | ၁.၆၁% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၇,၄၅၄,၃၂၆.၅၃၇ | ၂၉.၄၅% | ၈,၁၅၈,၄၉၇.၈၂၀ | ၂၅.၂၃% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၇၄,၁၀၆.၆၁၀ | ၀.၂၉% | ၄၂,၅၈၀.၃၉၀ | ၀.၁၃% |
| | ၁၅ | စက်မှု | ၁၀၈,၄၄၇.၅၁၁ | ၀.၄၃% | ၄၃၆,၃၈၅.၀၆၇ | ၁.၃၅% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၇,၀၀၁.၅၁၃ | ၀.၁၁% | ၂၃,၅၄၆.၈၄၃ | ၀.၀၇% |
| | ၁၇ | ပညာရေး | ၂၁၅,၃၀၅.၅၈၉ | ၀.၈၅% | ၂,၇၁၁,၅၆၃.၀၉၈ | ၈.၃၉% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၁၇၁,၆၃၄.၅၆၅ | ၀.၆၈% | ၁,၁၈၄,၁၁၃.၀၁၀ | ၃.၆၆% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၉,၆၄၅,၇၅၃.၃၁၂ | ၃၈.၁၁% | ၇,၃၁၃,၈၅၉.၆၀၆ | ၂၂.၆၂% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၅,၀၀၀.၁၀၀ | ၀.၀၂% | ၆,၄၈၄.၃၇၈ | ၀.၀၂% |
| | ၂၁ | ဆောက်လုပ်ရေး | ၈၀၄,၄၈၉.၆၈၁ | ၃.၁၈% | ၁,၂၆၅,၉၅၁.၆၆၇ | ၃.၉၁% |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁,၆၈၃.၃၁၅ | ၀.၀၁% | ၁၂၃,၂၈၅.၉၄၇ | ၀.၃၈% |

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂၉,၉၄၂.၀၉၇ | ၀.၁၂% | ၁၂,၈၄၃.၆၁၈ | ၀.၀၄% |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၄၆၉.၀၆၃ | | ၄,၃၈၉.၀၁၅ | ၀.၀၁% |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | |
| ၃ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၅၂၄.၅၉၄ | ၀.၀၁% | ၁,၃၅၉.၃၂၇ | ၀.၀၁% |
| ၄ | | နေပြည်တော်ကောင်စီ | ၁၁၃.၂၂၃ | | ၁၁၄,၄၄၉.၃၃၉ | ၀.၃၆% |
| ၅ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၉၅၀,၃၀၄.၅၉၆ | ၃.၇၆% | ၆၄၄,၇၂၆.၃၁၈ | ၁.၉၉% |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၄၈,၉၅၀.၇၂၀ | ၀.၁၉% | ၄၉,၆၃၇.၆၅၇ | ၀.၁၅% |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ | ၂,၄၅၉,၇၂၉.၉၆၇ | ၉.၇၂% | ၂,၄၃၈,၇၈၇.၆၀၆ | ၇.၅၄% |
| | | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၄၄,၁၀၆.၉၄၃ | ၁.၃၆% | ၃၄၆,၃၁၂.၃၀၂ | ၁.၀၇% |
| | | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၁,၄၄၃,၁၂၇.၄၅၂ | ၅.၇၀% | ၁,၄၂၅,၆၉၈.၃၂၀ | ၄.၄၁% |
| | | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၆၇၂,၄၉၅.၅၇၂ | ၂.၆၆% | ၆၆၆,၇၇၆.၉၈၃ | ၂.၀၆% |
| ၈ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ | ၁၂၅,၀၀၀.၀၀၀ | ၀.၄၉% | ၄၂,၃၀၃.၀၇၇ | ၀.၁၃% |
| | | လူမှုဖူလုံရေးအဖွဲ့ | ၁၂၅,၀၀၀.၀၀၀ | ၀.၄၉% | ၄၂,၃၀၃.၀၇၇ | ၀.၁၃% |
| | | စုစုပေါင်း | ၂၅,၃၁၂,၅၅၉.၄၆၃ | ၁၀၀.၀၀% | ၃၂,၃၃၉,၉၂၃.၅၃၇ | ၁၀၀.၀၀% |

၂၀၁၇-၂၀၁၈ နှင့် ၂၀၁၉-၂၀၂၀ နှိုင်းယှဉ်ချက်

၃၇။ နာယကကြီးခင်ဗျား၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရွှေ့ပြေးအမှန်စာရင်းနှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ရွှေ့ပြေးအမှန်စာရင်း | ၂၀၁၉-၂၀၂၀ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၁၇,၇၈၂ | ၂၅,၃၁၃ | (+) ၇,၅၃၁ |
| စုစုပေါင်းအသုံးစရိတ် | ၂၀,၁၇၇ | ၃၂,၃၄၀ | (+) ၁၂,၁၆၃ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၂,၃၉၅ | (-) ၇,၀၂၇ | (+) ၄,၆၃၂ |
| ဂျီဒီပီတန်ဖိုး | ၉၀,၄၅၁ | ၁၁၉,၀၂၃ | |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၂ . ၆၅% | ၅ . ၉၀% | |

၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ နှိုင်းယှဉ်ချက်

၃၈။ နာယကကြီးခင်ဗျား၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းနှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း နှိုင်းယှဉ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | ၂၀၁၉-၂၀၂၀ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၂၁,၈၆၇ | ၂၅,၃၁၃ | (+) ၃,၄၄၆ |
| စုစုပေါင်းအသုံးစရိတ် | ၂၇,၁၆၀ | ၃၂,၃၄၀ | (+) ၅,၁၈၀ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၅,၂၉၃ | (-) ၇,၀၂၇ | (+) ၁,၇၃၄ |
| ဂျီဒီပီတန်ဖိုး | ၁၀၅,၇၂၆ | ၁၁၉,၀၂၃ | |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၅ . ၀၁% | ၅ . ၉၀% | |

အခွန်ရငွေ

၃၉။ အခွန်ရငွေစာရင်းအနေဖြင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရွှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၄၄၅ . ၈၂၂ ဘီလီယံ ပိုမိုပြီး ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၇၈ . ၅၄၈ ဘီလီယံ ပိုမိုပါကြောင်း တင်ပြအပ်ပါတယ်-

## ပြည်ထောင်စု၏အခွန်ရငွေစာရင်း

(စာရင်းပေါင်းချုပ်)

(ကျပ်သန်းပေါင်း)

| ငွေစာရင်းခေါင်းစဉ်များ | ၂၀၁၇-၂၀၁၈ ရှေ့ပြေး အမှန် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီး ခန့်မှန်းခြေ | ၂၀၁၉-၂၀၂၀ မူလ ခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ရှေ့ပြေးအမှန် စာရင်းထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) |
|---|---|---|---|---|---|
| ၁။ ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အတောက် | ၃,၆၂၀,၁၇၈.၄၀၄ | ၃,၈၉၇,၁၇၃.၂၄၂ | ၄,၀၇၁,၁၈၃.၃၇၄ | +၄၅၁,၀၀၄.၉၇၀ | +၁၇၄,၀၁၀.၁၃၂ |
| ၁-၂ ယစ်မျိုးခွန် | ၁,၁၄၁.၅၂၅ | ၁,၁၄၂.၁၃၃ | ၁,၁၃၀.၀၃၃ | -၁၁.၄၉၂ | -၁၂.၁၀၀ |
| ၁-၃ ကုန်သွယ်လုပ်ငန်းခွန် | ၁,၉၇၄,၆၉၉.၁၂၅ | ၂,၁၂၂,၈၃၈.၅၄၇ | ၂,၁၉၉.၄၆၇.၄၉၅ | +၂၂၄,၇၆၈.၃၇၀ | +၇၆,၆၂၈.၉၄၈ |
| ၁-၄ သွင်းကုန်အတွက်လိုင်စင်ကြေး၊ပါမစ်ကြေးများ | ၈,၁၇၁.၈၅၈ | ၄,၁၆၇.၁၆၂ | ၆,၀၀၀.၀၀၀ | -၂,၁၇၁.၈၅၈ | +၁,၈၃၂.၈၃၈ |
| ၁-၅ မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၉၃,၈၂၃.၉၇၆ | ၁၄၂,၈၅၄.၂၂၈ | ၂၀၃.၅၆၃.၁၉၂ | +၁၀၉,၇၃၉.၂၁၆ | +၆၀,၇၀၈.၉၆၄ |
| ၁-၆ မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊လုပ်ငန်း လိုင်စင်ဆိုင်ရာအခငွေများ | ၂၃၂.၉၂၈.၁၄၇ | ၁၅၉,၁၀၀.၀၀၀ | ၁၅၂,၂၀၀.၀၀၀ | -၈၀,၇၂၈.၁၄၇ | -၆,၉၀၀.၀၀၀ |
| ၁-၈ ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | ၆၇,၆၄၀.၆၂၃ | ၇၄,၆၃၆.၇၁၉ | ၇၇,၆၃၆.၇၂၀ | +၉,၉၉၆.၀၉၇ | +၃,၀၀၀.၀၀၁ |
| ၁-၉ မှတ်ကောင်ဝတ်ဆံသွင်းအခွန် | ၇၀၂.၀၀၀ | ၁၉၉.၆၀၂ | | -၇၀၂.၀၀၀ | -၁၉၉.၆၀၂ |
| ၁-၁၀ ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်း ညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | ၈၅၇.၀၄၀ | ၇၇၅.၅၂၅ | ၈၉၉.၅၄၀ | +၄၂.၅၀၀ | +၁၂၄.၀၁၅ |
| ၁-၁၁ အထူးကုန်စည်ခွန် | ၁,၂၄၀,၂၁၄.၁၁၀ | ၁,၃၉၁,၄၅၉.၃၁၆ | ၁,၄၃၀,၂၈၆.၃၉၄ | +၁၉၀,၀၇၂.၂၈၄ | +၃၈,၈၂၇.၀၇၈ |
| ၂။ ဝင်ငွေနှင့်ပိုင်ဆိုင်မှုပေါ်တောက်ခံသည့်အခွန်အကောက် | ၂,၂၆၃,၇၂၀.၂၇၈ | ၂,၃၂၄,၈၁၆.၃၂၀ | ၂,၃၈၉,၆၄၅.၀၀၈ | +၁၂၅,၉၂၄.၇၃၀ | +၆၄,၈၂၈.၆၈၈ |
| ၂-၁ ဝင်ငွေခွန် | ၂,၂၆၃,၇၂၀.၂၇၈ | ၂,၃၂၄,၈၁၆.၃၂၀ | ၂,၃၈၉,၆၄၅.၀၀၈ | +၁၂၅,၉၂၄.၇၃၀ | +၆၄,၈၂၈.၆၈၈ |
| ၃။ အကောက်ခွန် | ၅၂၃,၇၉၈.၆၇၂ | ၅၃၀,၀၀၀.၀၀၀ | ၅၂၀,၀၀၀.၀၀၀ | -၃,၇၉၈.၆၇၂ | -၁၀,၀၀၀.၀၀၀ |
| ၄။ နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၁,၀၁၅,၈၇၈.၀၉၅ | ၁,၀၃၈,၈၅၉.၉၀၃ | ၈၈၈,၅၆၉.၅၀၂ | -၁၂၇,၃၀၈.၅၉၃ | -၁၅၀,၂၉၀.၄၀၁ |
| ၄-၁ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၁၇.၁၉၀ | ၁၈.၅၈၁ | ၁၇.၅၃၉ | +၀.၃၄၈ | -၁.၀၄၂ |
| ၄-၂ ရေခွန် | ၅၅.၈၉၇ | ၇၄.၀၅၇ | ၇၇.၅၂၃ | +၂၀.၆၂၆ | +၃.၄၆၆ |
| ၄-၂ တာတမံခွန် | ၀.၀၂၅ | ၁.၃၀၇ | ၁.၂၆၀ | +၁.၂၃၅ | -၀.၀၄၇ |
| ၄-၃ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန် | ၅.၀၆၂.၈၄၆ | ၆,၅၄၉.၈၇၆ | ၅.၈၀၂.၆၃၃ | +၇၃၉.၇၈၇ | -၇၄၇.၂၄၃ |
| ၄-၄ ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်(စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၆၉.၈၁၃ | ၄၅.၁၇၃ | ၆၃.၄၄၄ | -၆.၃၆၉ | +၁၈.၂၇၁ |
| ၄-၅ ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | ၄.၄၅၈.၄၀၃ | ၂.၇၄၁.၆၅၀ | ၃,၀၀၀.၀၀၀ | -၁,၄၅၈.၄၀၃ | +၂၅၈.၃၅၀ |
| ၄-၈ ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၃၅၂,၈၇၄.၄၃၆ | ၄၈၂,၄၃၈.၃၂၁ | ၄၅၇.၇၅၅.၃၂၈ | +၁၀၄,၈၈၀.၈၉၂ | -၂၄,၆၈၂.၉၉၃ |
| ၄-၉ ဓါတ်သတ္တုခွန်နှင့် ရတနာခွန် | ၃၀,၃၈၆.၁၀၀ | ၃၀,၃၆၈.၀၀၀ | ၃၀,၃၈၆.၈၇၄ | +၀.၇၇၄ | +၁၈.၈၇၄ |
| ၄-၁၀ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ | ၆၀၂,၈၀၉.၈၈၂ | ၅၀၀,၃၁၀.၅၆၃ | ၃၇၈,၅၉၅.၂၀၀ | -၂၃၄,၂၁၄.၆၈၂ | -၁၂၂,၇၁၅.၃၆၃ |
| ၄-၁၁ ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓါတ်အားထုတ်ယူသည့် အတွက်အခမဲ့ရရှိသည့် ဓာတ်အားခ | ၉.၉၉၃.၇၁၄ | ၁၃.၉၁၃.၅၁၄ | ၁၂,၁၉၇.၀၀၀ | +၂,၂၀၃.၂၈၆ | -၁,၇၁၆.၅၁၄ |
| ၄-၁၂ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ရရှိသူ များထံမှ ကောက်ခံရရှိသည့်အခွန် | ၁၄၉.၇၈၈ | ၁,၃၉၈.၈၆၁ | ၆၇၂.၇၀၁ | +၅၂၂.၉၁၃ | -၇၂၆.၁၆၀ |
| ပေါင်း | ၇.၄၂၃.၃၂၅.၄၄၉ | ၇.၇၉၀.၈၄၉.၄၆၅ | ၇.၈၆၉.၃၉၇.၈၈၄ | +၄၄၅.၈၂၂.၄၃၅ | +၇၈.၅၄၈.၄၁၉ |

<u>နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ</u>

၄၀။ နာယကကြီးခင်ဗျား၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်အရ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း အခြားစာရင်းရှင် Union Fund Account – Other Account (UFA-OA)နှင့် Union Fund Account – SEE Account (UFA-SEE) ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့သောအဖွဲ့အစည်း (၂၀) ခု၏ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်အားလုံးကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်း UFA-SEE Account တစ်ခုတည်းဖြင့်သာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၄၁။ သို့ဖြစ်ပါ၍ အဆိုပါအဖွဲ့အစည်းများသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ရငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA-SEE Account သို့ ပေးသွင်း၍ အသုံးစရိတ်များအားလုံးကိုလည်း ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုလျာထားငွေဘောင်အတွင်း UFA-SEE Account မှပင် ကျခံသုံးစွဲ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၂၀) ခု၏ UFA – Other Account လက်ကျန်ငွေများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းသွားနိုင်ရေး အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၄၂။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဖြစ်သော ၃၀-၉-၂၀၁၉ ရက်နေ့တွင်ရှိသည့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း UFA-OA လက်ကျန်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေး အတည်ပြုချက်ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ နိုင်ငံတော် စာရင်း (ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း)သို့ စာရင်းပြောင်းရွှေ့ညှိနှိုင်းပြီး UFA – OA Account များ စာရင်းရှင်းလင်း ပိတ်သိမ်းရေးကိုလည်း စနစ်တကျ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စာရင်းပြောင်းရွှေ့ညှိနှိုင်းရန်နှင့် စာရင်းရှင်းလင်းပိတ်သိမ်းရန်တို့အတွက် စာရင်းပြုနည်းလမ်းများကို သီးခြားထုတ်ပြန်ဆောင်ရွက်မည် ဖြစ်ပါတယ်။

၄၃။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်စာရင်း၌ ကုန်သွယ်မှု (အရှုံးအမြတ်)စာရင်းအရ ရရှိသော အမြတ်ငွေအပေါ်တွင် နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသော အမြတ်ငွေများအားလုံးကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရမှာ ဖြစ်ပါတယ်။ လျာထားချက်အရ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ငွေမှာ ၎င်းတို့ စုစုပေါင်းသာမန်အသုံးစရိတ်၏ ၁၂.၂၆% နှင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်မည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်တို့မှာ ၎င်းတို့ စုစုပေါင်းသာမန်အသုံးစရိတ်၏ ၁၀.၁၉% ရှိပါတယ်။

၄၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မပါ)၏ ဘဏ္ဍာရေးနှစ်အလိုက် သာမန်စာရင်း (ကုန်သွယ်မှု)အရ အမြတ်/အရှုံး အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ဘဏ္ဍာရေးနှစ် | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် | | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အမြတ်ရရှိသည့်အဖွဲ့အစည်း | အရှုံးပေါ်သည့်အဖွဲ့အစည်း | ပေါင်း | အမြတ်ရရှိသည့်အဖွဲ့အစည်း | အရှုံးပေါ်သည့်အဖွဲ့အစည်း | ပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ (၃+၄) | ၆ | ၇ | ၈(၆+၇) | ၉(၅+၈) |
| ၁။ | ၂၀၁၆-၂၀၁၇ (အမှန်) | ၁၆ | ၁၀ | ၂၆ | ၃ | ၂ | ၅ | ၃၁ |
| ၂။ | ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၁၆ | ၁၀ | ၂၆ | ၃ | ၂ | ၅ | ၃၁ |
| ၃။ | ၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ(ရှေ့ပြေးအမှန်) | ၁၆ | ၁၀ | ၂၆ | ၃ | ၂ | ၅ | ၃၁ |
| ၄။ | ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီး) | ၁၆ | ၁၀ | ၂၆ | ၄ | ၁ | ၅ | ၃၁ |
| ၅။ | ၂၀၁၉-၂၀၂၀ (ခန့်မှန်းခြေ ) | ၁၈ | ၈ | ၂၆ | ၄ | ၁ | ၅ | ၃၁ |

၄၅။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၃၁) ဖွဲ့ ရှိရာ-

| | |
|---|---|
| ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော အဖွဲ့အစည်း | (၂၆)ဖွဲ့ |
| ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်း | (၅) ဖွဲ့ |

ဖြစ်ပါတယ်။ ၎င်းတို့အနက် အဖွဲ့အစည်း (၂၂) ခုမှာ အမြတ်ရရှိပြီး အဖွဲ့အစည်း (၉) ခုမှာ အရှုံးပေါ်ပေါက်ပါတယ်။

၄၆။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan - MSDP) တွင် နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် Action Plan များ ချမှတ်ထားပြီး အစိုးရပိုင်အဖြစ် ဆက်လက်ထားရှိခြင်း၊ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲခြင်း၊ အများပိုင်အဖြစ် ပြောင်းလဲခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ ပြောင်းလဲခြင်း စသည့် ဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၄၇။ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အဓိကကျသော လျှပ်စစ်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာရရှိနိုင်ရေးနှင့် ၂၀၂၀ ခုနှစ် နွေရာသီအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်း(၈) ခုကို စီမံကိန်းဘဏ် (Project Bank) နှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းနှင့်အတူ အစိုးရက လျှပ်စစ်ကဏ္ဍအတွက် နှစ်စဉ် ကျပ် ဘီလီယံ ၅၀၀ ကျော် စိုက်ထုတ်သုံးစွဲရမှုကို သက်သာစေမှာ ဖြစ်ပါတယ်။

၄၈။ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်း(၄)ခုမှ ထုတ်လုပ်မှုပမာဏ ခန့်မှန်းချက် ကုဗပေသန်းပေါင်း ၆၂၉,၈၆၂ ၊ ကုန်းတွင်းရေနံမြေများမှ ထုတ်လုပ်မှု ပမာဏ ခန့်မှန်းချက် ကုဗပေသန်းပေါင်း ၁၇,၃၄၄ ၊ စုစုပေါင်းထုတ်လုပ်မှု ပမာဏ ကုဗပေသန်းပေါင်း ၆၄၇,၂၀၆ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၏ မူလခန့်မှန်းခြေ လျာထားချက်နှင့် နှိုင်းယှဉ်ပါက ထုတ်လုပ်မှုပမာဏမှာ ကုဗပေသန်းပေါင်း ၂၅,၂၂၂ ခန့် လျော့နည်းသည်ကို တွေ့ရပါတယ်။ ယင်းသို့ လျော့နည်းရခြင်းမှာ ရဲတံခွန် စီမံကိန်းတွင် Post Plateau Period သို့ ရောက်ရှိချိန်ဖြစ်ခြင်း၊ ကုန်းတွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် သဘာဝဓာတ်ငွေ့ ထုတ်ယူသုံးစွဲမှုသက်တမ်း ကြာမြင့်လာခြင်းတို့ကြောင့် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၄၉။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့ဈေးနှုန်း များမှာ-

| | | |
|---|---|---|
| ရတနာ၊ ရဲတံခွန်နှင့်ဇောတိကစီမံကိန်းတို့တွင် | 1MMBTU | - အမေရိကန်ဒေါ်လာ ၈ . ၈၈၁၄ နှုန်း၊ |
| ရွှေစီမံကိန်းတွင် | 1MMBTU | - အမေရိကန်ဒေါ်လာ ၇ . ၃၉၄၉ နှုန်း၊ |
| ရဲတံခွန်၏ ရေနံစိမ်းနှင့် လေဆီဈေးနှုန်းကို | တစ်စည် | - အမေရိကန်ဒေါ်လာ ၆၅ နှုန်း |

တို့ ဖြစ်ပါတယ်။

၅၀။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ “ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်” ကျပ် ၄၅၇ . ၇၅၅ ဘီလီယံ ရရှိမည်ဖြစ်ပြီး စီမံကိန်းများအတွက် လက်မှတ်ရေးထိုးခ Signature bonus ကို ယခုနှစ်တွင် ထည့်သွင်းလျာထားနိုင်မှု မရှိပါ။ ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းမှ ရရှိမည့် ငွေကျပ် ၁,၄၇၉ . ၄၇၁ ဘီလီယံ၊

ကုန်းတွင်းရေနံမြေမှ ရရှိမည့် ငွေကျပ် ၁၉၆ . ၄၉၆ ဘီလီယံ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သယ်ယူပို့ဆောင်ခြင်းမှ ရရှိမည့် ငွေကျပ် ၂၅၅ . ၂၆၀ ဘီလီယံ ရရှိမည်ဟု ခန့်မှန်းထားပါတယ်။

၅၁။ ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့ဝယ်ယူခြင်းတွင် ရတနာစီမံကိန်းမှ ကျပ် ၅၅၆ . ၂၃၁ ဘီလီယံ၊ ရွှေစီမံကိန်းမှ ကျပ် ၄၁၆ . ၃၂၇ ဘီလီယံ၊ ဇောတိကစီမံကိန်းမှ ကျပ် ၃၁၈ . ၁၁၆ ဘီလီယံ၊ စုစုပေါင်း ကျပ် ၁,၂၉၀ . ၆၇၄ ဘီလီယံကို အသုံးစရိတ်အဖြစ် လျာထားပြီး၊ အဆိုပါပြည်တွင်းသုံးများကို ရောင်းချခြင်းဖြင့် ရရှိမည့်ဝင်ငွေကိုလည်း ကျပ် ၁,၃၈၀ . ၀၄၀ ဘီလီယံ ခန့်မှန်းလျာထားပါတယ်။

၅၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာမန်အသုံးစရိတ် ကျပ် ၁,၉၈၃ . ၆၃၄ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၇၂ . ၇၉၆ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ် ကျပ် ၁၆၁ . ၃၃၂ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂,၂၁၇ . ၇၆၂ ဘီလီယံ ဖြစ်ရာ အဆိုပါ စုစုပေါင်းအသုံးစရိတ်၏ ၅၉ . ၁၉% မှာ နိုင်ငံတော်သို့ ပေးဆောင်ရမည့် အသုံးစရိတ်များ ဖြစ်သည်ကို တွေ့ရှိရပါတယ်။

၅၃။ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် တူးဖော်၊ ရှာဖွေနေဆဲ စီမံကိန်းသစ်များမှ စီးပွားဖြစ်ထုတ်လုပ်နိုင်မှု အချိန်နောက်ကျနေပါက လာမည့်နှစ်များတွင် ရေနံနှင့်သဘာဝ ဓာတ်ငွေ့၏ ဝင်ငွေ တဖြည်းဖြည်းလျော့နည်းလာမည် ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်တွင် ထုတ်လုပ်မှု စတင်ခဲ့သည့် ရတနာစီမံကိန်းနှင့် ၁၉၉၀ ခုနှစ်တွင် ထုတ်လုပ်မှု စတင်ခဲ့သည့် ရဲတံခွန်စီမံကိန်းတို့၏ ထုတ်လုပ်မှုနှုန်းများသည် အကျဘက်သို့ တဖြည်းဖြည်း ဦးတည်နေပြီး နောက်လာမည့် ၂၀၂၃ ခုနှစ်တွင် စီမံကိန်းကာလ ပြီးဆုံးမည့် အခြေအနေသို့ ရောက်ရှိတော့မည် ဖြစ်ပါသောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ကမ်းလွန်စီမံကိန်းသစ်များကို စီးပွားဖြစ် ထုတ်လုပ်နိုင်ရန် တွန်းအားပေးခြင်းနှင့် ထုတ်လုပ်မှု ကျဆင်းနေသည့် စီမံကိန်းများအတွက် ကျားကန်ပေးခြင်းဖြင့် ဝင်ငွေများ လျော့နည်းမှု သက်သာစေရန် ဆောင်ရွက်ရမည် ဖြစ်ပါတယ်။

၅၄။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ တွင်းထွက်သယံဇာတကဏ္ဍမှ ရရှိသည့် ဝင်ငွေများကို ပြည်သူအများ သိရှိနိုင်စေရန်အတွက် Citizen’s Budget နှင့် Extractive

Industries Transparency Initiative (EITI) အစီရင်ခံစာများတွင်လည်း ထည့်သွင်း ဖော်ပြ၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ထားပါတယ်။

၅၅။ ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံပိုင်ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အနေဖြင့် ကမ္ဘာ့ဘဏ် ချေးငွေဖြင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Financial Sector Development Project) ကို ဖော်ဆောင်လျက်ရှိပြီး အများပြည်သူအတွက် အကန့်အသတ်ဖြင့် ရှိနေသော ငွေကြေးဝန်ဆောင်မှုမှ ပိုမိုကျယ်ပြန့်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်သော ခေတ်မီနည်းပညာများ အသုံးပြုနိုင်သည့် ငွေရေးကြေးရေးစနစ်သို့ ပြောင်းလဲရန် ဆောင်ရွက်လျက် ရှိပါတယ်။

၅၆။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ကော်ပိုရေးရှင်းအသွင် ပြောင်းလဲဖွဲ့စည်းရန်နှင့် မြန်မာအမျိုးသားလေကြောင်းကို Corporatization အသွင် ကူးပြောင်းခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော လေ့လာသုံးသပ်ဆောင်ရွက်မှုများကိုလည်း ပြုလုပ်လျက် ရှိပါတယ်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ်ရှင်းလင်းတင်ပြချက်အပေါ်ဆောင်ရွက်ပြီးစီးမှု အခြေအနေ

၅၇။ နာယကကြီးခင်ဗျား၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ်ရှင်းလင်း တင်ပြချက် အပေါ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပါမယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးသည်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် (Citizen's Budget) ကို ယခင်နှစ်ကထက် ပိုမိုပြည့်စုံပွင့်လင်းမြင်သာစွာ ထုတ်ဝေနိုင်ခဲ့ပါတယ်။

၅၈။ အလားတူ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးနောက်တွင်လည်း Citizen's Budget စာစောင်ကို ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၅၉။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေးအတွက် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းအထိ ကိန်းဂဏန်းများကို Accounting Method နှင့် Analytical Method-Consolidated နည်းလမ်း (၂) မျိုးဖြင့် ပြုစု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန Website တွင် ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

၆၀။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကိုလည်း ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးပါက Accounting Method နှင့် Analytical Method- Consolidated နည်းလမ်း (၂) မျိုးဖြင့် ပြုစု၍ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို အထောက်အကူပြုပေးနိုင်ရန် ဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန Website တို့တွင် ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

**ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း**

၆၁။ ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ကို ရေးဆွဲထားပြီးဖြစ်ရာ (MSDP)၏ ပန်းတိုင်အမှတ် ၂ မဟာဗျူဟာအမှတ် ၂.၄ တွင် အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေး အတွက် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေရေးကို ဖော်ပြထားပါတယ်။

၆၂။ MSDP ၏ မဟာဗျူဟာအမှတ် ၂.၄ နှင့်အညီ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိပါတယ်။

**ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ်**
**အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ**

၆၃။ ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို အောက်ပါဇယားများဖြင့် တင်ပြထားပါတယ်-

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)
## ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆+၃) | ၁၀(၇+၄) |
| ၁ | | | | | | | | | | |
| | ၁ | ဗဟိုအဖွဲ့အစည်းများ | ၁,၅၈၄.၇၄၃ | ၄၆,၃၀၈.၀၅၅ | -၄၄,၇၂၃.၃၁၂ | ၃၈၀.၆၇၉ | ၃၅,၃၄၇.၅၁၃ | -၃၄,၅၆၆.၈၃၄ | ၄၉.၂၆% | ၇၆.၃၃% |
| | ၂ | ဝန်ကြီးဌာန၊ဦးစီးဌာနများ | ၅,၂၂၀,၁၂၃.၀၁၃ | ၇,၈၃၃,၉၉၆.၂၃၄ | -၂,၆၁၂,၈၇၃.၂၂၁ | ၅,၀၃၉,၉၈၅.၅၁၈ | ၅,၈၆၅,၇၈၃.၄၆၄ | -၈၂၅,၇၉၇.၉၄၆ | ၉၆.၅၃% | ၇၄.၈၈% |
| | ၃ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ဦးစီးဌာနများ | ၅၇,၀၀၀.၀၀၀ | ၁၂,၃၄၅.၄၇၈ | +၄၄,၆၅၄.၅၂၂ | ၆၂,၁၂၅.၄၇၆ | ၁၀,၃၁၄.၄၁၈ | +၅၁,၈၁၁.၀၅၈ | ၁၀၈.၉၉% | ၈၃.၅၅% |
| | ၄ | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၃,၂၄၈,၁၁၇.၄၆၁ | ၃,၇၆၁,၂၉၄.၄၄၂ | -၅၁၃,၁၇၆.၉၈၁ | ၃,၁၅၁,၂၈၆.၇၁၈ | ၃,၂၉၆,၆၉၈.၃၇၆ | -၁၄၅,၄၁၁.၆၅၈ | ၉၇.၀၂% | ၈၇.၆၅% |
| | ၅ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီ အစဉ်ပြင်ပမှဆောင်ရွက်သောနိုင်ငံ တော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၅၉၆,၀၁၇.၃၃၈ | ၅၇၄,၂၄၁.၉၁၁ | +၂၁,၇၇၅.၄၂၇ | ၇၀၁,၅၂၈.၃၂၈ | ၆၄၅,၁၉၅.၄၁၅ | +၅၆,၃၃၂.၉၁၃ | ၁၁၇.၇၀% | ၁၁၂.၃၆% |
| | ၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၄၅,၆၁၀.၁၅၉ | ၆၆,၂၈၄.၅၀၀ | +၂၇၉,၃၂၅.၆၅၉ | ၃၇၉,၀၇၀.၃၀၅ | ၄၅,၂၇၀.၆၅၆ | +၃၃၃,၇၉၉.၆၄၉ | ၁၀၉.၆၈% | ၆၈.၃၀% |
| | ၇ | တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ | ၇၄၀.၄၅၆ | ၆၇၀.၄၄၀ | +၇၀.၀၁၆ | ၁,၁၀၂.၈၉၆ | ၆၈၀.၉၆၄ | +၄၂၀.၉၃၂ | ၁၄၈.၇၅% | ၁၀၀.၅၇% |
| | ၈ | နေပြည်တော်ကောင်စီ | ၅၅.၃၈၀ | ၄၅,၉၂၇.၃၃၉ | -၄၅,၈၇၁.၉၅၉ | ၆၇.၆၄၉ | ၁၄,၉၄၅.၀၃၈ | -၁၄,၈၇၇.၃၈၉ | ၁၂၂.၁၅% | ၃၂.၅၄% |
| | ၉ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၆,၅၃၂.၉၅၃ | ၁၉,၄၂၅.၂၀၃ | +၇,၁၀၇.၇၅၀ | ၂၈,၁၉၃.၀၀၂ | ၁၃,၇၆၂.၈၄၂ | +၁၄၄၃၀.၁၆၀ | ၁၀၆.၂၆% | ၇၀.၈၅% |
| | | စုစုပေါင်း | ၉,၄၉၆,၇၈၂.၅၀၃ | ၁၂,၃၆၀,၄၉၃.၆၀၂ | -၂,၈၆၃,၇၁၁.၀၉၉ | ၉,၃၆၄,၁၄၀.၅၇၀ | ၉,၉၂၇,၉၉၈.၆၈၆ | -၅၆၃,၈၅၈.၁၁၅ | ၉၈.၆၀% | ၈၀.၃၂% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆) လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

အဖွဲ့အစည်းအမည်- ဗဟိုအဖွဲ့အစည်းများ (ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၅,၈၀၄.၇၁၈ | -၅,၈၀၄.၇၁၈ | | ၄,၅၆၉.၇၁၅ | -၄,၅၆၉.၇၁၅ | | ၇၈.၇၂% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၂.၀၀၀ | ၁,၀၇၁.၇၂၈ | -၁,၀၅၉.၇၂၈ | ၁၀.၀၀၆ | ၈၉၅.၂၄၈ | -၈၈၅.၂၄၂ | ၈၃.၃၈% | ၈၃.၅၃% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၉၃၂.၀၄၀ | ၁,၃၇၀.၀၀၀ | -၄၃၇.၉၆၀ | ၂၃၂.၃၆၉ | ၉၂၃.၀၈၀ | -၆၉၀.၇၁၁ | ၂၄.၉၃% | ၆၇.၃၈% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၀.၉၁၀ | ၄,၇၆၄.၈၂၄ | -၄,၇၆၃.၉၁၄ | ၂.၁၂၄ | ၄,၂၈၇.၀၄၆ | -၄,၂၈၄.၉၂၂ | ၂၃၃.၄၁% | ၈၉.၉၇% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၁၃၀ | ၂,၄၃၄.၇၂၈ | -၂,၄၃၄.၅၉၈ | ၀.၈၂၄ | ၂,၄၈၇.၉၉၄ | -၂,၄၈၇.၁၇၀ | ၆၃၃.၈၅% | ၁၀၀.၅၄% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၄၉.၅၆၅ | ၁၃,၀၀၈.၈၆၉ | -၁၂,၈၅၉.၃၀၄ | ၂၀၂.၃၄၈ | ၁၁,၃၀၇.၉၅၁ | -၁၁,၁၀၅.၂၀၃ | ၁၃၅.၅၆% | ၈၆.၉၂% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | ၅၀၁.၈၉၄ | -၅၀၁.၈၆၄ | ၀.၀၃၀ | ၄၇၈.၆၅၆ | -၄၇၈.၆၂၆ | ၁၀၀.၀၀% | ၉၅.၃၇% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁.၅၀၀ | ၇,၄၁၇.၂၃၀ | -၇,၄၁၅.၇၃၀ | ၁၄.၃၉၉ | ၃,၀၁၇.၄၈၂ | -၃,၀၀၃.၀၈၃ | ၉၅၉.၉၃% | ၄၀.၆၈% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၉.၆၈၀ | ၁,၄၁၀.၉၂၅ | -၁,၄၀၁.၂၄၅ | ၃၈.၀၂၈ | ၁,၃၇၀.၁၀၀ | -၁,၃၃၂.၀၇၃ | ၃၉၂.၈၅% | ၉၇.၁၀% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၄၂၉.၃၉၀ | ၂.၂၅၅.၅၅၃ | -၁,၈၂၆.၁၆၃ | ၂၀၆.၀၈၇ | ၁,၄၆၂.၃၃၀ | -၁,၂၅၆.၂၄၃ | ၄၈.၀၀% | ၆၄.၈၃% |
| | ၁၁ | <u>ပြည်ထောင်စုရာထူးဝန်အဖွဲ့</u> | <u>၄၉.၄၉၈</u> | <u>၆,၂၂၇.၅၈၆</u> | <u>-၆,၁၇၈.၀၈၈</u> | <u>၇၄.၀၆၄</u> | <u>၄,၅၄၇.၉၁၀</u> | <u>-၄,၄၇၃.၈၄၆</u> | <u>၁၄၉.၆၃%</u> | <u>၇၃.၀၃%</u> |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံးအဖွဲ့ | ၀.၁၅၀ | ၇၃၉.၈၃၃ | -၇၃၉.၆၈၃ | ၀.၉၆၀ | ၆၉၅.၁၇၁ | -၆၉၄.၂၁၁ | ၆၄၀.၀၀% | ၉၃.၉၆% |
| | | ၂။ ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၃၀ | ၃၇၈.၀၄၁ | -၃၇၈.၀၁၁ | ၀.၀၅၆ | ၃၆၂.၅၆၁ | -၃၆၂.၅၀၅ | ၁၈၆.၆၇% | ၉၅.၉၁% |
| | | ၃။ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၂၀.၀၀၀ | ၆၂၄.၂၁၈ | -၆၀၄.၂၁၈ | ၄၄.၂၈၁ | ၆၁၄.၃၃၀ | -၅၇၀.၀၄၉ | ၂၂၁.၄၁% | ၉၈.၄၂% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | ၁၆.၀၀၈ | ၂,၀၆၃.၅၈၀ | -၂,၀၄၇.၅၇၂ | ၁၅.၅၆၄ | ၁,၅၇၄.၁၈၁ | -၁,၅၅၈.၆၁၇ | ၉၇.၂၃% | ၇၆.၂၈% |
| | | ၅။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၁၃.၃၁၀ | ၂,၄၁၂.၉၁၄ | -၂,၄၀၀.၆၀၄ | ၁၃.၂၀၃ | ၁,၃၀၁.၆၆၇ | -၁,၂၈၈.၄၆၄ | ၉၉.၂၀% | ၅၃.၇၅% |
| | | စုစုပေါင်း | ၁,၅၈၄.၇၄၃ | ၄၆,၃၀၈.၀၅၅ | -၄၄,၇၂၃.၃၁၂ | ၇၈၀.၆၇၉ | ၃၅.၇၄၇.၅၀၃ | -၃၄,၅၆၆.၈၃၄ | ၄၉.၂၆% | ၇၆.၃၃% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဝန်ကြီးဌာနဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | ၉၆၆.၆၆၄ | ၂၈,၃၀၀.၂၃၈ | -၂၇,၃၃၃.၅၇၄ | ၄၁၇.၈၄၁ | ၂၆,၁၁၂.၆၉၈ | -၂၅,၆၉၄.၈၅၇ | ၄၃.၂၃% | ၉၂.၂၇% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၂၀,၁၆၅.၀၅၄ | ၂၁၄,၄၉၈.၁၀၂ | -၁၉၄,၃၃၃.၀၄၈ | ၁၇,၂၉၃.၈၂၇ | ၁၉၅,၀၂၂.၈၇၄ | -၁၇၇,၇၂၉.၀၄၇ | ၈၅.၇၆% | ၉၀.၉၂% |
| | ၄ | ကာကွယ်ရေး | ၃၅,၇၂၀.၄၃၈ | ၁,၆၃၀,၁၄၄.၀၇၆ | -၁,၅၉၅,၄၂၂.၆၃၈ | ၄၂,၂၀၂.၀၅၉ | ၁,၂၅၅,၉၄၇.၄၇၄ | -၁,၂၁၃,၇၃၅.၄၁၅ | ၁၁၈.၁၇% | ၇၇.၀၀% |
| | ၅ | နယ်စပ်ရေးရာ | ၁,၀၃၂.၈၀၈ | ၆၂,၄၈၃.၈၀၆ | -၆၁,၄၅၀.၉၉၈ | ၃,၁၀၉.၁၁၉ | ၅၉,၂၅၂.၂၂၃ | -၅၆,၁၄၃.၁၀၄ | ၃၀၁.၀၄% | ၉၄.၈၃% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၆၅၂.၆၃၄ | -၆၅၂.၆၃၄ | ၁.၃၄၈ | ၅၂၀.၄၀၃ | -၅၁၉.၀၅၅ | | ၇၉.၇၄% |
| | ၇ | ပြန်ကြားရေး | ၂၇,၉၄၁.၃၈၅ | ၂၈,၉၈၈.၁၂၄ | -၁,၀၄၆.၇၃၉ | ၆,၉၀၀.၄၄၆ | ၂၆,၄၇၂.၅၈၀ | -၁၉,၅၇၂.၁၃၄ | ၂၄.၇၀% | ၉၁.၃၂% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | ၁၇၇.၅၇၈ | ၉၄၁.၆၁၅ | -၇၆၄.၀၃၇ | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂၅,၀၄၅.၀၃၈ | ၁၉,၂၁၃.၅၁၄ | +၅,၈၃၁.၅၂၄ | ၇,၄၇၀.၉၄၃ | ၁၅,၃၇၃.၃၉၆ | -၇,၉၄၂.၄၅၃ | ၂၉.၆၇% | ၈၀.၀၁% |
| | ၁၀ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၃၃၀,၃၇၉.၈၅၂ | ၅၉၈,၅၁၆.၅၉၉ | -၂၆၈,၁၃၆.၇၄၇ | ၂၄၆,၆၉၇.၂၁၃ | ၄၅၁,၄၃၉.၂၂၀ | -၂၀၄,၇၄၂.၀၀၇ | ၇၄.၆၇% | ၇၅.၄၃% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၈၅,၀၃၉.၀၇၉ | ၁၄၅,၁၇၃.၂၉၇ | +၃၃၉,၈၆၅.၇၈၂ | ၆၃၁,၀၇၀.၉၇၅ | ၁၁၆,၈၈၇.၀၂၄ | +၅၁၄,၁၈၃.၉၅၁ | ၁၃၀.၁၁% | ၈၀.၅၂% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၉,၆၀၃.၄၀၀ | ၃၆,၄၁၉.၈၈၇ | -၆,၈၁၆.၄၈၇ | ၂၃,၇၃၉.၇၂၀ | ၂၆,၃၅၅.၈၈၀ | -၂,၆၁၆.၁၆၀ | ၈၀.၁၉% | ၇၂.၃၇% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၂၀၅,၈၃၄.၇၃၂ | ၂၈၈,၂၉၀.၁၂၇ | -၈၂,၄၅၆.၃၉၅ | ၂၃၃,၁၃၃.၀၈၅ | ၂၁၀,၄၀၅.၈၀၃ | +၂၂,၇၂၇.၂၈၂ | ၁၁၃.၂၆% | ၇၃.၃၃% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၃၀,၂၄၆.၀၅၂ | ၂၂,၄၇၁.၆၈၅ | +၇,၇၇၄.၃၆၇ | ၅၂,၅၉၇.၆၈၃ | ၁၇,၀၀၈.၈၆၈ | +၃၅,၅၈၈.၈၁၅ | ၁၇၃.၉၀% | ၇၅.၆၉% |
| | ၁၅ | စက်မှု | ၅,၀၂၄.၉၁၈ | ၁၀,၄၄၈.၉၉၆ | -၅,၄၂၄.၀၇၈ | ၂,၂၆၃.၁၅၀ | ၅,၄၅၁.၀၃၉ | -၃,၁၈၇.၈၈၉ | ၄၅.၀၄% | ၅၂.၁၇% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၉,၁၉၈.၄၈၁ | ၉,၀၆၇.၄၀၉ | +၁၃၁.၀၇၂ | ၁၃,၅၃၄.၆၉၃ | ၇,၂၁၃.၉၄၅ | +၆,၃၂၀.၇၄၈ | ၁၄၇.၁၄% | ၇၉.၅၆% |
| | ၁၇ | ပညာရေး | ၇၄,၂၃၀.၉၉၅ | ၉၀၆,၄၆၆.၁၈၇ | -၈၃၂,၂၃၄.၇၉၂ | ၇၉,၈၂၄.၉၈၂ | ၈၀၈,၆၀၃.၈၀၆ | -၇၂၈,၇၇၈.၈၂၄ | ၅၇.၆၅% | ၈၉.၂၀% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၅၄,၄၈၈.၄၃၃ | ၄၄၀,၉၅၁.၈၂၃ | -၃၈၆,၄၆၃.၃၉၀ | ၂၄,၀၁၇.၇၉၉ | ၂၂၇,၄၄၄.၉၈၁ | -၂၀၃,၃၂၇.၁၈၂ | ၄၄.၀၈% | ၅၁.၅၆% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၆၄၆,၈၀၂.၇၈၃ | ၂,၉၄၆,၈၇၂.၃၀၂ | +၆၉၉,၉၃၀.၄၈၁ | ၃,၅၉၈,၄၃၈.၂၆၁ | ၂,၂၀၂,၃၇၆.၇၅၀ | +၁,၃၉၆,၀၆၁.၅၁၁ | ၉၈.၆၇% | ၇၄.၇၄% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | | | | ၁,၁၇၅.၄၄၄ | ၆၉၀.၄၀၁ | +၄၈၅.၀၄၃ | | |
| | ၂၁ | ဆောက်လုပ်ရေး | ၂၂၀,၇၈၅.၇၄၆ | ၃၉၀,၃၄၀.၇၀၅ | -၁၆၉,၅၅၄.၉၅၉ | ၇၉,၈၀၇.၆၉၁ | ၁၈၀,၅၀၄.၁၇၈ | -၁၀၀,၆၈၆.၄၈၇ | ၃၆.၁၅% | ၄၆.၂၄% |
| | ၂၂ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၆,၅၉၈.၆၁၃ | ၄၆,၉၄၉.၅၈၁ | -၄၀,၃၅၀.၉၆၈ | ၂,၉၄၈.၅၇၉ | ၂၅,၉၁၄.၄၄၃ | -၂၂,၉၆၅.၉၀၄ | ၄၄.၆၈% | ၅၅.၂၀% |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၂,၀၁၆.၅၄၂ | ၄,၆၈၆.၁၃၀ | +၇,၃၃၀.၄၁၂ | ၁၃,၁၈၁.၇၉၅ | ၄,၀၁၁.၈၂၀ | +၉,၁၆၉.၉၇၅ | ၁၀၉.၇၀% | ၈၅.၆၀% |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၂,၀၅၉.၈၁၂ | -၂,၀၅၉.၈၁၂ | ၁.၃၂၇ | ၉၃၂.၀၄၃ | -၉၃၀.၇၁၆ | | ၄၅.၂၅% |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၅,၂၂၀,၁၂၃.၀၀၃ | ၇,၈၃၃,၉၉၆.၂၃၄ | -၂,၆၁၂,၈၇၃.၂၃၁ | ၅,၀၇၉,၉၈၅.၅၁၈ | ၅,၈၆၅,၇၈၃.၄၆၄ | -၈၁၅,၇၉၇.၉၄၆ | ၉၆.၅၃% | ၇၄.၈၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၅၇,၀၀၀.၀၀၀ | ၁၂,၃၄၅.၄၇၈ | +၄၄,၆၅၄.၅၂၂ | ၆၂,၁၂၅.၄၇၆ | ၁၀,၃၁၄.၄၁၈ | +၅၁,၈၁၁.၀၅၈ | ၁၀၈.၉၉% | ၈၃.၅၅% |
| | | စုစုပေါင်း | ၅၇,၀၀၀.၀၀၀ | ၁၂,၃၄၅.၄၇၈ | +၄၄,၆၅၄.၅၂၂ | ၆၂,၁၂၅.၄၇၆ | ၁၀,၃၁၄.၄၁၈ | +၅၁,၈၁၁.၀၅၈ | ၁၀၈.၉၉% | ၈၃.၅၅% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၁၀,၆၆၂.၈၅၀ | ၈,၁၉၈.၁၅၆ | +၂,၄၆၄.၆၉၄ | ၈,၇၅၇.၂၀၀ | ၁၀,၅၁၅.၂၆၀ | -၁,၇၅၈.၀၆၀ | ၈၂.၁၃% | ၁၂၈.၂၆% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၀၆,၁၈၉.၀၃၂ | ၄၉၅,၆၀၃.၆၁၉ | -၈၉,၄၁၄.၅၈၇ | ၂၅၅,၅၅၇.၆၇၃ | ၂၉၂,၅၆၀.၁၇၅ | -၃၇,၀၀၃.၅၀၂ | ၆၂.၉၂% | ၅၉.၀၃% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၂၈,၅၇၃.၇၆၃ | ၁၄၇,၉၄၀.၁၇၈ | +၈၀,၆၃၃.၅၈၅ | ၂၂၄,၂၈၀.၄၆၀ | ၁၆၄,၂၉၉.၈၅၈ | +၅၉,၉၈၀.၆၀၂ | ၉၈.၁၂% | ၁၁၁.၀၆% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၁၇၅,၇၄၇.၃၄၉ | ၂,၅၀၂,၄၆၃.၆၆၄ | -၃၂၆,၇၁၆.၃၁၅ | ၂,၂၈၀,၅၈၁.၄၉၅ | ၂,၂၀၅,၈၅၄.၉၀၆ | +၇၄,၇၂၆.၅၈၉ | ၁၀၄.၈၂% | ၈၈.၁၅% |
| | ၅ | စက်မှု | ၂၇,၆၅၄.၃၈၆ | ၁၇၂,၁၅၇.၇၂၄ | -၁၄၄,၅၀၃.၃၃၈ | ၂၂,၆၄၈.၆၂၈ | ၁၆၀,၅၅၇.၉၃၁ | -၁၃၈,၉၀၉.၃၀၃ | ၈၁.၉၀% | ၉၃.၈၄% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၉၉,၂၉၀.၀၈၁ | ၄၃၄,၉၃၁.၁၀၁ | -၃၅,၆၄၁.၀၂၀ | ၃၅၉,၄၆၀.၂၆၂ | ၄၆၁,၉၀၉.၂၄၆ | -၁၀၂,၄၄၈.၉၈၄ | ၉၀.၀၃% | ၁၀၆.၂၀% |
| | | စုစုပေါင်း | ၃,၂၄၈,၁၁၇.၄၆၁ | ၃,၇၆၀,၂၉၄.၄၄၂ | -၅၁၂,၁၇၆.၉၈၁ | ၃,၁၅၀,၂၈၆.၇၀၈ | ၃,၂၉၆,၆၉၈.၃၇၆ | -၁၄၅,၄၁၁.၆၅၈ | ၉၇.၀၂% | ၈၇.၆၅% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေသုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၃၃,၀၈၁.၉၂၆ | ၁၂၀,၃၇၁.၄၀၉ | +၁၂,၇၁၀.၅၁၇ | ၂၃၉.၄၉၅.၁၈၈ | ၂၂၄,၆၂၃.၅၁၅ | +၁၄,၈၇၁.၆၇၃ | ၁၇၉.၉၆% | ၁၈၆.၆၀% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၆၂,၉၃၅.၄၁၂ | ၄၅၃,၈၇၀.၅၀၂ | +၉,၀၆၄.၉၁၀ | ၄၆၂,၀၃၃.၁၄၀ | ၄၂၀,၅၇၁.၉၀၀ | +၄၁,၄၆၀.၂၄၀ | ၉၉.၈၁% | ၉၂.၆၆% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၂၅.၅၄၆.၀၀၀ | ၃၂၃.၂၃၈.၀၂၈ | +၂,၃၀၇.၉၇၂ | ၃၄၀,၅၄၄.၄၆၈ | ၃၂၁,၀၄၆.၀၃၆ | +၁၉,၄၉၈.၄၃၂ | ၁၀၄.၆၀% | ၉၉.၃၂% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၃၇.၃၈၉.၄၁၂ | ၁၃၀,၆၃၂.၄၇၄ | +၆,၇၅၆.၉၃၈ | ၁၂၁,၄၈၈.၆၇၂ | ၉၉.၅၂၅.၈၆၄ | +၂၁,၉၆၂.၈၀၈ | ၈၈.၄၃% | ၇၆.၁၉% |
| | | စုစုပေါင်း | ၅၉၆,၀၁၇.၃၃၈ | ၅၇၄,၂၄၁.၉၁၁ | +၂၁,၇၇၅.၄၂၇ | ၇၀၁,၅၂၈.၃၂၈ | ၆၄၅,၁၉၅.၄၁၅ | +၅၆,၃၃၂.၉၁၃ | ၁၁၇.၇၀% | ၁၁၂.၃၆% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၄၅,၆၁၀.၁၅၉ | ၆၆,၂၈၄.၅၀၀ | +၂၇၉,၃၂၅.၆၅၉ | ၃၇၉,၀၇၀.၃၀၅ | ၄၅,၂၇၀.၆၅၆ | +၃၃၃,၇၉၉.၆၄၉ | ၁၀၉.၆၈% | ၆၈.၃၀% |
| | စုစုပေါင်း | ၃၄၅,၆၁၀.၁၅၉ | ၆၆,၂၈၄.၅၀၀ | +၂၇၉,၃၂၅.၆၅၉ | ၃၇၉,၀၇၀.၃၀၅ | ၄၅,၂၇၀.၆၅၆ | +၃၃၃,၇၉၉.၆၄၉ | ၁၀၉.၆၈% | ၆၈.၃၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၇၄၁.၄၅၆ | ၆၇၀.၄၄၀ | +၇၁.၀၁၆ | ၁,၁၀၂.၈၉၆ | ၆၈၀.၉၆၄ | +၄၂၁.၉၃၂ | ၁၄၈.၇၅% | ၁၀၁.၅၇% |
| | စုစုပေါင်း | ၇၄၁.၄၅၆ | ၆၇၀.၄၄၀ | +၇၁.၀၁၆ | ၁,၁၀၂.၈၉၆ | ၆၈၀.၉၆၄ | +၄၂၁.၉၃၂ | ၁၄၈.၇၅% | ၁၀၁.၅၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နေပြည်တော်ကောင်စီ | ၅၅.၃၈၀ | ၄၅.၉၂၇.၃၃၉ | -၄၅.၈၇၁.၉၅၉ | ၆၇.၆၄၉ | ၁၄.၉၄၅.၀၃၈ | -၁၄.၈၇၇.၃၈၉ | ၁၂၂.၁၅% | ၃၂.၅၄% |
| | | စုစုပေါင်း | ၅၅.၃၈၀ | ၄၅.၉၂၇.၃၃၉ | -၄၅.၈၇၁.၉၅၉ | ၆၇.၆၄၉ | ၁၄.၉၄၅.၀၃၈ | -၁၄.၈၇၇.၃၈၉ | ၁၂၂.၁၅% | ၃၂.၅၄% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၆)လ လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၆,၅၃၂.၉၅၃ | ၁၉,၄၂၅.၂၀၃ | +၇,၁၀၇.၇၅၀ | ၂၈,၁၉၃.၀၀၂ | ၁၃,၇၆၂.၈၄၂ | +၁၄,၄၃၀.၁၆၀ | ၁၀၆.၂၆% | ၇၀.၈၅% |
| | စုစုပေါင်း | ၂၆,၅၃၂.၉၅၃ | ၁၉,၄၂၅.၂၀၃ | +၇,၁၀၇.၇၅၀ | ၂၈,၁၉၃.၀၀၂ | ၁၃,၇၆၂.၈၄၂ | +၁၄,၄၃၀.၁၆၀ | ၁၀၆.၂၆% | ၇၀.၈၅% |

## နိုင်ငံတော်၏ ကြွေးမြီ အရပ်ရပ်အခြေအနေ တင်ပြချက်

၆၄။ နိုင်ငံတော်၏ (၃၁-၃-၂၀၁၉) ရက်နေ့အထိ ပြည်ပကြွေးမြီ အရပ်ရပ် (မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက်) အခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(အမေရိကန်ဒေါ်လာ)

| စဉ် | မြီရှင်နိုင်ငံ/အဖွဲ့အစည်းအမည် | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|
| ၁ | အေဒီဘီ | ၅၆၅,၅၂၄,၉၂၀.၃၅ |
| ၂ | အေအိုင်အက်ဖ် | ၂,၃၈၆,၁၃၁.၉၂ |
| ၃ | အေအက်ဖ်ဒီ | ၁၀၈,၂၀၃.၁၆ |
| ၄ | ဩစတြီးယား | ၁၂၉,၅၅၈,၂၁၄.၃၅ |
| ၅ | တရုတ် | ၃,၄၅၂,၄၇၄,၆၈၄.၀၃ |
| ၆ | ဖင်လန် | ၂,၈၀၂,၆၁၆.၅၉ |
| ၇ | ပြင်သစ် | ၄၈၅,၆၈၄,၃၁၂.၁၀ |
| ၈ | ဂျာမဏီ | ၇၁၂,၆၄၈,၅၀၅.၄၀ |
| ၉ | အိုင်ဒီအေ | ၁,၃၂၁,၃၀၆,၅၄၃.၁၁ |
| ၁၀ | အိုင်အက်ဖ်အေဒီ | ၈,၈၉၇,၉၄၄.၃၄ |
| ၁၁ | အိန္ဒိယ | ၁၉၅,၆၁၅,၃၁၀.၀၄ |
| ၁၂ | အီတလီ | ၇,၄၁၅,၁၀၀.၀၀ |
| ၁၃ | ဂျပန် | ၂,၇၂၁,၇၆၂,၈၈၅.၃၈ |
| ၁၄ | ကိုရီးယား | ၁၂၈,၄၄၂,၃၄၇.၅၂ |
| ၁၅ | နယ်သာလန် | ၈,၆၇၇,၃၁၉.၆၅ |
| ၁၆ | အိုပက် | ၈,၈၄၈,၁၉၆.၉၅ |
| ၁၇ | ပိုလန် | ၅၆,၁၇၅,၀၀၀.၀၀ |
| ၁၈ | ဆော်ဒီ | ၁,၁၃၀,၀၀၇.၄၁ |
| ၁၉ | ထိုင်း | ၁၇,၄၄၁,၃၂၇.၃၅ |
| ၂၀ | အင်္ဂလန် | ၃၅,၆၂၄,၀၉၇.၁၄ |
| ၂၁ | ဆာဗီးယား | ၂၇,၉၆၉,၄၆၂.၇၈ |
| | စုစုပေါင်း | ၉,၈၉၀,၄၉၃,၁၂၉.၅၇ |

၆၅။ နိုင်ငံတော်၏ (၃၁-၃-၂၀၁၉) ရက်နေ့အထိ ဌာန၊ အဖွဲ့အစည်းအလိုက် ပေးရန်ရှိသည့် ပြည်ပကြွေးမြီ အခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၉.၈၉ ဘီလီယံ ဖြစ်ပါတယ်-

(အမေရိကန်ဒေါ်လာ)

| စဉ် | ဌာန၊ အဖွဲ့အစည်းအမည် | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|
| ၁ | ပြည်ထဲရေး | ၉၂,၇၉၈,၃၃၅.၄၇ |
| ၂ | ကာကွယ်ရေး | ၂၁၈,၅၈၆,၂၂၇.၆၀ |
| ၃ | ပြန်ကြားရေး | ၁,၇၀၇,၃၂၂.၇၃ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၈၂၀,၅၆၆,၃၆၄.၅၂ |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁,၇၁၇,၄၄၈,၃၆၆.၆၅ |
| ၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၇,၄၉၃,၂၅၆.၄၀ |
| ၇ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၀၂၀,၆၇၁,၄၉၅.၄၂ |
| ၈ | စက်မှု | ၁,၂၅၂,၁၂၀,၀၇၆.၆၉ |
| ၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၆,၅၁၉,၂၃၁.၁၆ |
| ၁၀ | ပညာရေး | ၈၀,၁၂၆,၈၄၅.၆၉ |
| ၁၁ | ကျန်းမာရေးနှင့်အားကစား | ၆၅,၆၈၅,၆၆၉.၂၈ |
| ၁၂ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၃၁၁,၃၉၀,၄၅၇.၇၄ |
| ၁၃ | ဆောက်လုပ်ရေး | ၁၉၁,၈၇၃,၄၈၄.၂၃ |
| ၁၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၆၁,၄၂၆,၀၈၆.၆၄ |
| ၁၅ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၁,၉၄၂,၁၅၄.၇၂ |
| ၁၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၃၇,၇၅၄.၆၃ |
| | စုစုပေါင်း | ၉,၈၉၀,၄၉၃,၁၂၉.၅၇ |

၆၆။ ၂၀၁၁-၂၀၁၂ ခု ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (၃၁-၃-၂၀၁၉)နေ့ အထိ နှစ်အလိုက် နိုင်ငံတော်၏ ပြည်တွင်း ၊ ပြည်ပကြွေးမြီ အခြေအနေမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီ (ကျပ်ဘီလီယံ) | ဂျီဒီပီ၏% | ပြည်ပကြွေးမြီ (ကျပ်ဘီလီယံ) | ဂျီဒီပီ၏% |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ (၃၁-၃-၂၀၁၂ နေ့အထိ) | ၉,၉၃၈ | ၂၀.၃% | * ၆,၃၃၅ | ၁၃.၆% |
| ၂၀၁၂-၂၀၁၃ (၃၁-၃-၂၀၁၃ နေ့အထိ) | ၁၀,၈၂၄ | ၂၀.၁% | * ၇,၃၀၁ | ၁၄.၂% |
| ၂၀၁၃-၂၀၁၄ (၃၁-၃-၂၀၁၄ နေ့အထိ) | ၁၂,၀၁၄ | ၂၀.၃% | ၉,၅၆၀ | ၁၆.၁% |
| ၂၀၁၄-၂၀၁၅ (၃၁-၃-၂၀၁၅ နေ့အထိ) | ၁၂,၄၈၇ | ၁၈.၉% | ၉,၅၄၅ | ၁၄.၄% |
| ၂၀၁၅-၂၀၁၆ (၃၁-၃-၂၀၁၆ နေ့အထိ) | ၁၅,၇၂၄ | ၂၁.၄% | ၁၂,၂၄၆ | ၁၆.၇% |
| ၂၀၁၆-၂၀၁၇ (၃၁-၃-၂၀၁၇ နေ့အထိ) | ၁၈,၀၂၀ | ၂၂.၂% | ၁၀,၈၄၁ | ၁၃.၄% |
| ၂၀၁၇-၂၀၁၈ (၃၁-၃-၂၀၁၈ နေ့အထိ) | ၂၀,၇၂၅ | ၂၂.၉% | ၁၃,၉၇၄ | ၁၅.၄၅% |
| ၂၀၁၈ ခု (ဧပြီလမှ စက်တင်ဘာလအထိ) (၃၀-၉-၂၀၁၈ နေ့အထိ) | ၂၂,၂၈၇ | ၂၃.၆၄% | ၁၃,၂၆၃ | ၁၄.၀၇% |
| ၂၀၁၈-၂၀၁၉ (၃၁-၃-၂၀၁၉ နေ့အထိ) | ၂၂,၇၈၇ | ၂၀.၅၅% | ၁၅,၃၃၀ | ၁၄.၅၀% |

မှတ်ချက်။ * နောက်ကျကြွေးများမပါဝင်ပါ။

၆၇။ နိုင်ငံတော်၏ ပြည်တွင်းပြည်ပကြွေးမြီများနှင့် ပတ်သက်၍-

- ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ခြင်း၊
- ကြွေးမြီစီမံခန့်ခွဲမှု ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

- ကြွေးမြီမှတ်တမ်းတင်ခြင်း၊
- ကြွေးမြီအစီရင်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

၆၈။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၅-၁-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန် ရေးဆွဲရမှာ ဖြစ်သည့်အတွက် နှစ်စဉ်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၃၇ အရ အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကိုလည်း နှစ်စဉ်ထုတ်ပြန် ဆောင်ရွက်လျက်ရှိပါတယ်။

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း**

၆၉။ နာယကကြီးခင်ဗျား၊ အထက်ဖော်ပြပါ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေခံ ရေးဆွဲသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် အပိုင်း ၈ ပိုင်း၊ အခန်း ၈ ခန်း၊ ပုဒ်မ ၄၁ ခု ပါဝင်ပါကြောင်း တင်ပြအပ်ပါတယ်-

| အပိုင်း | အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|---|
| ၁ | | ၁ | အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက် | ၁ |
| ၂ | ၁ | ၂-၅ | နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ (ရငွေများနှင့် သုံးငွေများ) | ၁-၃ |

| အပိုင်း | အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|---|
| | ၂ | ၆-၁၂ | ငွေချေးယူခြင်း | ၃-၄ |
| | ၃ | ၁၃-၁၄ | ပြည်ပအကူအညီရယူခြင်း | ၄-၅ |
| | ၄ | ၁၅-၁၈ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ | ၅-၆ |
| ၃ | ၁ | ၁၉-၂၀ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၆-၇ |
| | ၂ | ၂၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ | ၇-၈ |
| | ၃ | ၂၂ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေး ဆိုင်ရာ လုပ်ပိုင်ခွင့်များ | ၈ |
| | ၄ | ၂၃-၂၅ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ၉-၁၀ |
| ၄ | | ၂၆ | အရေးပေါ်ရန်ပုံငွေ | ၁၀-၁၁ |
| ၅ | | ၂၇-၃၀ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁၂-၁၃ |
| ၆ | | ၃၁-၃၃ | နေပြည်တော်ကောင်စီ | ၁၃ |
| ၇ | | ၃၄-၃၇ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၄-၁၅ |
| ၈ | | ၃၈-၄၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၅-၁၆ |

၇၀။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ကြမ်းတို့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သုံးသပ် အကြံပြုချက်နှင့်အတူ ပူးတွဲတင်ပြထား

ပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကို အခြေခံ၍ အောက်ပါတို့ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ထားပါတယ်-

(က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် UFA-SEE Account နှင့် UFA - OA Account များ ဖွင့်လှစ်ဆောင်ရွက်ကြရာမှ ပြည်ထောင်စု၏ ဘဏ္ဍာ ရန်ပုံငွေအစီအစဉ်ဖြင့် UFA-SEE Account တစ်ခုတည်းဖြင့် ဆောင်ရွက် ရမည်ဖြစ်၍ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၂၀ အား ပယ်ဖျက်ခြင်း၊ ပုဒ်မ ၁၉၊ ၂၁၊ ၂၂၊ ၂၃ တို့အား ပြင်ဆင်ခြင်း၊

(ခ) အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖြန့်ခွဲလျာထားပြီး ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ် များကို သုံးစွဲနိုင်ရန် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၂၇ အစား ပုဒ်မ ၂၆ ဖြင့် ပြင်ဆင် ဖြည့်စွက်ခြင်း။

## နိဂုံး

၇၁။ လေးစားအပ်ပါသော နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပေးပို့တင်ပြ ထားသည့်-

- ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၊
- ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

၇၂။ ကျေးဇူးတင်ပါတယ်။